ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၆ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၆ ရက်

## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသည့် အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ ၂-၃

၂။ တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံအကြား နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်အသစ်ချုပ်ဆိုခြင်း။ ၄-၅

၃။ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်ဆိုင်ရာ အလေ့အကျင့်များတွင် တရုတ်နိုင်ငံ၏ပြောင်းလဲမှုကို လေ့လာခြင်း။ ၆-၉

၄။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Sanction ဆိုင်ရာ ဥပဒေမူဘောင်များအပေါ် လေ့လာတင်ပြခြင်း။ ၁၀-၁၂

၅။ နိုင်ငံခြားသားပြစ်မှုကျူးလွန်သူများကို ပြည်နှင်ဒဏ်ချမှတ်ခြင်းအား လူ့အခွင့်အရေးချိုးဖောက်မှုဟု European Convention on Human Rights(ECHR) က သတ်မှတ်ခြင်းကို ပြောင်းလဲသင့်သည်ဟု ဗြိတိန်နိုင်ငံ၏တရားရေးဝန်ကြီး Shabana Mahmood က ပြောကြားခြင်း။ ၁၃-၁၅

၆။ အင်ဒိုနီးရှားနိုင်ငံ၌ တရုတ်နိုင်ငံ၏အနာဂတ်ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ တင်ပြခြင်း။ ၁၆-၁၉

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၆ ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၆ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသည့် အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိကောင်းစရာ။

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကချင်ပြည်နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀၃/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သော အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသောစကားရပ်များသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်ဖြစ်ကြောင်းနှင့် အမြန်စီမံခန့်ခွဲရန်လိုအပ်သောကုန်ပစ္စည်းဆိုသည်မှာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားဆီး၊ ဖမ်းဆီးထားသည့်ကုန်ပစ္စည်းများအနက် ပုပ်သိုးပျက်စီးလွယ်သော သို့မဟုတ် သဘာဝအရပျက်စီးလွယ်သော သို့မဟုတ် သက်တမ်းကုန်ဆုံးရက်နီးကပ်နေသော သို့မဟုတ် အပူချိန်ထိန်းချုပ်မှုစနစ်ဖြင့်ထားရှိရန် လိုအပ်သော သို့မဟုတ် ဈေးကွက်သဘောသဘာဝအရ အချိန်နှင့်အမျှ တန်ဖိုးလျော့ကျနိုင်သော သို့မဟုတ် သိုလှောင်သိမ်းဆည်းရန် နည်းပညာကန့်သတ်ချက်များလိုအပ်သော သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၏ညွှန်ကြားချက်အရ ဆောင်ရွက်ရသောကုန်ပစ္စည်းများကိုဆိုကြောင်း ဖော်ပြထားပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများအားအရေးယူဆောင်ရွက်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊ ပြန်လည်သုံးသပ်မှုနှင့် အခွန်အယူခံ ခုံအဖွဲ့၏ဆုံးဖြတ်ချက်အရ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စီမံဆောင်ရွက်မည် ဖြစ်ပါသည်။

အကောက်ခွန်ဦးစီးဌာနသည် အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရာတွင် ဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုခြင်း၊ လေလံတင်ရောင်းချခြင်း၊ သက်ဆိုင်ရာ ဌာနသို့လွှဲပြောင်းရမည့်ကုန်ပစ္စည်းများဖြစ်ပါက လွှဲပြောင်းခြင်း၊ အများပြည်သူစားသုံးရန်ဖြစ်စေ၊ သုံးစွဲရန်ဖြစ်စေ မသင့်သော ကုန်ပစ္စည်းဖြစ်ပါက ဖျက်ဆီးခြင်းစသည့်နည်းလမ်းတို့ဖြင့် စီမံဆောင်ရွက် နိုင်ကြောင်း သိရှိရပါသည်။

အကောက်ခွန်ဦးစီးဌာနသည် ဤလုပ်ထုံးလုပ်နည်းများပါကိစ္စရပ်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် နိုင်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အမြန်စီမံခန့်ခွဲရန်လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက် လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံအကြား နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်အသစ် ချုပ်ဆိုခြင်း

ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုစာချုပ်များတွင် အိမ်ရှင်နိုင်ငံနှင့်ရင်းနှီးမြှုပ်နှံသူအကြား အငြင်းပွားမှုဖြေရှင်းခြင်း (investor–state dispute settlement ISDS) စည်းကမ်းချက်နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံခြင်းခံရသည့်အိမ်ရှင်နိုင်ငံ၏အချုပ်အခြာအာဏာကို ထိခိုက်စေသည့် အကြောင်းပြချက်ဖြင့် ယင်းစည်းကမ်းချက်ထည့်သွင်းမှုအပေါ် ပြန်လည်ပြင်ဆင်ပြောင်းလဲရန် ဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။ ထိုသို့ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုကာကွယ်၍ မျှတမှုကိုအာမခံပေးထားပြီး တစ်ဖက်တွင်လည်း အိမ်ရှင်နိုင်ငံ၏အချုပ်အခြာအာဏာကိုလေးစားသော မျှတမှု၊ပြည့်စုံမှုနှင့်ပွင့်လင်းမြင်သာမှုရှိသောစနစ်တစ်ခုကို ဖန်တီးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၂၅ ခုနှစ် မေလ ၈ရက်နေ့တွင် တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံအကြား ၂၀၀၆ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့်တည်ဆဲရင်းနှီးမြှုပ်နှံမှုစာချုပ်ကိုအစားထိုးသည့်အနေဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်အသစ်ကို ချုပ်ဆိုခဲ့ကြသည်။ အဆိုပါနှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်အသစ်တွင် အိမ်ရှင်နိုင်ငံနှင့်ရင်းနှီးမြှုပ်နှံသူအကြား အငြင်းပွားမှုဖြေရှင်းခြင်း (investor– state dispute settlement ISDS) စည်းကမ်းချက်အား ရင်းနှီးမြှုပ်နှံမှုစာချုပ်များတွင် ထည့်သွင်းခြင်းအတွက် အငြင်းပွားမှုများရှိနေသော်လည်း ၎င်းတို့၏စာချုပ်အသစ်တွင် အိမ်ရှင်နိုင်ငံနှင့်ရင်းနှီးမြှုပ်နှံသူအကြား အငြင်းပွားမှုဖြေရှင်းခြင်းအကြား အငြင်းပွားမှုဖြေရှင်းခြင်းစည်းကမ်းချက်ကို ထည့်သွင်းထားကြောင်း သိရှိရသည်။

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်အသစ်သည် ပထဝီနိုင်ငံရေးပြန်လည်ထိန်းညှိရန် နှင့် နှစ်နိုင်ငံအကြား ကုန်သွယ်စီးဆင်းမှုမြှင့်တက်လာရန် ရည်ရွယ်ကြောင်း သိရှိရသည်။ အထူးအားဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ်အသစ်သည် ရုရှားနိုင်ငံ၏ စွမ်းအင်၊ အခြေခံအဆောက်အဦနှင့် နည်းပညာဆိုင်ရာစီမံကိန်းများတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန်ဖြစ်ပြီး အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံတွင် ရုရှားရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန်ဖြစ်သည်။

တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံအကြားလက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာချုပ် အသစ်ကို အများပြည်သူသိရှိအောင် အသေးစိတ်ထုတ်ပြန်ခြင်းမပြုသေးကြောင်း သိရှိရသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.iisd.org

## နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်ဆိုင်ရာအလေ့အကျင့်များတွင် တရုတ်နိုင်ငံ၏ပြောင်းလဲမှုကိုလေ့လာခြင်း

တရုတ်နိုင်ငံသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရာတွင် import နှင့် export အခန်းကဏ္ဍ နှစ်ခုလုံးကို အကျိုးသက်ရောက်စေရေးအတွက် လက်ရှိနှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်များအား ခေတ်မီအောင်ပြုလုပ်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်အသစ်များကို ချုပ်ဆိုခဲ့ပါသည်။

တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုစာချုပ်အသစ်များသည် နိုင်ငံနှင့်ရင်းနှီးမြှုပ်နှံသူအကြား ရင်းနှီးမြှုပ်နှံမှုဖြေရှင်းခြင်းကို ကျယ်ပြန့်စွာ လက်လှမ်းမီနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား အသေးစိတ်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ခြင်းဆိုင်ရာစံနှုန်းများအား ပိုမိုရှင်းလင်းစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုကိုလက်ခံသည့် နိုင်ငံ၏အခွင့်အရေးများ သတ်မှတ်မှုကို အလေးထားခြင်းစသည့်အချက်များကို ဦးစားပေးလာခဲ့ပါသည်။

ဥပမာ ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် China နှင့် Venezuela နိုင်ငံတို့ အပြန်အလှန်အတည်ပြုခဲ့ပြီး အာဏာသက်ဝင်လျက်ရှိသော တရုတ်နိုင်ငံနှင့်ဗင်နီဇွဲလားနိုင်ငံတို့၏ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ် (China - Venezuela BIT) ကို အင်္ဂလိပ်၊ တရုတ်နှစ်ဘာသာဖြင့် ၎င်း၏တရားဝင် Website တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းစာချုပ်ပါအဓိကသွင်ပြင်လက္ခဏာများမှာ-

### (၁) ရင်းနှီးမြှုပ်နှံမှုကို ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း

အရည်အချင်းပြည့်မီသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ပြည်တွင်းဥပဒေကိုလိုက်နာ၍ အိမ်ရှင်နိုင်ငံ၏နယ်မြေအတွင်း စီးပွားရေးလုပ်ငန်းများတည်ထောင်ရေးအတွက် ရည်ရွယ်ချက်ပါရှိရမည်ဖြစ်ကြောင်း China- Venezuela BIT တွင် ဖော်ပြထားပါသည်။ ထို့အပြင် အရည်အချင်းပြည့်မီသော ရင်းနှီးမြှုပ်နှံမှုသည် အခြားသောအရင်းအမြစ်များ သို့မဟုတ် မတည်ရင်းနှီးငွေဆိုင်ရာကတိကဝတ်များ၊ အကျိုးအမြတ်ဆိုင်ရာမျှော်မှန်းချက်များ၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာကုစားမှုများနှင့် သတ်မှတ်ကာလတစ်ခု အပါအဝင်သေချာသောသွင်ပြင်လက္ခဏာများပါရှိရမည်။

**(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား စာချုပ်ဖြင့်ကာကွယ်ခြင်းကို သေချာစေခြင်း**

China- Venezuela BIT တွင် အရည်အချင်းပြည့်မီသည့်ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီးပွားရေးလုပ်ငန်းတစ်ခုသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွင်ပါဝင်ကြောင်း သတ်မှတ်ထားသည်။ အဆိုပါသတ်မှတ်ချက်သည် ဗီနီဇွဲလားနိုင်ငံရှိ တရုတ်နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆောင်ရွက်ချက်များကို ထင်ဟပ်စေပါသည်။

**(၃) အရည်အချင်းမီသောရင်းနှီးမြှုပ်နှံသူ၏ကန့်သတ်ထားသည့်နယ်ပယ်**

China- Venezuela BIT သည် နိုင်ငံနှစ်နိုင်ငံ၏နိုင်ငံသား (dual-nationals) ဖြစ်သည့် ရင်းနှီးမြှုပ်နှံသူများအား စာချုပ်၏ကာကွယ်မှုများမှရှင်းလင်းစွာ ဖယ်ထုတ်ထားသည်။ အလားတူ အိမ်ရှင်နိုင်ငံသည် (က)တတိယနိုင်ငံမှ စီးပွားရေးလုပ်ငန်း သို့မဟုတ် တစ်ဦးတစ်ယောက်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ သို့မဟုတ် *de facto* ထိန်းချုပ်ထားပြီး တစ်ဖက်စာချုပ်ဝင်နိုင်ငံတွင် အဓိကစီးပွားရေးလုပ်ငန်းများမရှိလျှင် သို့မဟုတ် (ခ) လက်ခံနိုင်ငံ၏စီးပွားရေးလုပ်ငန်းများ သို့မဟုတ် တစ်ဦးတစ်ယောက်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သို့မဟုတ် *de facto* ထိန်းချုပ်ထားသည့်နေရာ၌ဖြစ်စေ တည်ရှိသောစီးပွားရေးလုပ်ငန်းတစ်ခုကိုပိုင်ဆိုင်သည့် ရင်းနှီးမြှုပ်နှံသူတစ်ယောက်ကို စာချုပ်၏အကျိုးအမြတ်ရရှိမှုမှ ငြင်းပယ်နိုင်သည်။

**(၄) အများပြည်သူအကျိုးအတွက် စည်းမျဉ်းသတ်မှတ်ရန်အခွင့်အရေး**

China- Venezuela BIT ၏ များစွာသောပြဋ္ဌာန်းချက်များသည် အများပြည်သူအကျိုးအတွက် စည်းမျဉ်းများသတ်မှတ်ရန် အိမ်ရှင်နိုင်ငံ၏အခွင့်အရေးကို အတိအလင်း အတည်ပြုပေးထားပါသည်။ BIT ၏နိဒါန်းအပိုဒ်တွင် စာချုပ်က အများပြည်သူမူဝါဒ၏ ရည်ရွယ်ချက်(အများပြည်သူကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်၊ အများပြည်သူကိုယ်ကျင့်တရားများအား ကာကွယ်ခြင်းကဲ့သို့သော ကိစ္စ)များကို အောင်မြင်စေရန်အလို့ငှာ အိမ်ရှင်နိုင်ငံ၏စည်းမျဉ်းစည်းကမ်းများချမှတ်နိုင်သည့် အခွင့်အရေးကို အတိအလင်း အသိအမှတ်ပြုထားပါသည်။

**(၅) MFN၊ FET နှင့် FPS ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကန့်သတ်ထားခြင်း**

China- Venezuela BIT တွင်ရင်းနှီးမြှုပ်နှံသူများသည် အခြားစာချုပ်များမှ ပိုမိုကောင်းမွန်သော အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို တောင်းခံနိုင်ခြင်းမရှိသည့် အထူးအခွင့်အရေးရ နိုင်ငံ (Most Favoured Nation-MFN) ဆိုင်ရာစံနှုန်းနယ်ပယ်မှ အငြင်းပွားမှုဖြေရှင်းခြင်းအား ဖယ်ထုတ်ထားပါသည်။ စာချုပ်တွင် သာတူညီမျှမှုရှိစွာဆက်ဆံခြင်း (Fair and Equitable Treatment-FET)၊ ပြည့်ဝစွာကာကွယ်ခြင်းနှင့် လုံခြုံရေးဆိုင်ရာစံနှုန်းများ (Full Protection and Security Standards-FPS) ကို အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေအရ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံမှု၏ အနိမ့်ဆုံးစံနှုန်းအဖြစ် ကန့်သတ်ထားသည်ဟု ဖော်ပြထားပါသည်။

**(၆) အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်း**

China - Venezuela BIT သည် အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာနည်းလမ်းနှင့်စပ်လျဉ်း၍ မကြာသေးမီကပြောင်းလဲလာသော တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုစာချုပ်များကို ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်းကို လက်လှမ်းမီစေရေးဆိုသည့်အချက်ကို အခြေခံထားပါသည်။ ညှိနှိုင်းကာလ ၆ လ ပြီးနောက် ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် အိမ်ရှင်နိုင်ငံနှင့်အတူ အငြင်းပွားမှုတစ်ခုကိုဖြေရှင်းရန် (က) စီရင်ပိုင်ခွင့်ရှိသည့်ပြည်တွင်းတရားရုံး (ခ) UNCITRAL Rules အရ ယာယီခုံသမာဓိနည်းဖြင့်ဖြေရှင်းခြင်း သို့မဟုတ် (ဂ) စာချုပ်ဝင်များကသဘောတူထားသည် ခုံသမာဓိအဖွဲ့အစည်းတစ်ခုခုနှင့် စည်းမျဉ်းတစ်ခုခုကို ရွေးချယ်နိုင်ကြောင်း ဖော်ပြပါရှိပါသည်။

အထက်ပါအချက် ၆ ချက်သည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ်ဆိုင်ရာအလေ့အကျင့်များတွင် တရုတ်နိုင်ငံ၏ပြောင်းလဲကျင့်သုံးလာသည့်အချက်များဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံညာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://www.fiettalaw.ocm

https://tfs.mofcom.gov.cn/sbtzbxd/nz/art/2025/art a059628b3d9a47c8a109163b4217670b.html

https://www.aei.org/wp-content/uploads/2014/09/Agreement-Venezuela-China.pdf

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Sanction ဆိုင်ရာ ဥပဒေမူဘောင်များအပေါ် လေ့လာတင်ပြခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ လုံခြုံရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခွဲခြားဆက်ဆံမှုကိုဟန့်တားနိုင်ရေးနှင့် တရုတ်နိုင်ငံသားများနှင့် နိုင်ငံသားများ၏စီးပွားရေးလုပ်ငန်းများ၊ အခြားအဖွဲ့အစည်းများအပေါ်ချမှတ်သည့် sanctions(ပိတ်ဆို့မှုများ)ကို counter-sanction(တန်ပြန်ဆောင်ရွက်ခြင်း)ပြုလုပ်နိုင်ရန် Sanction Legal Framework ကို ချမှတ်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(Ministry of Commerce-MOCOM) သည် ၂၀၂၀ ခုနှစ် စက်တင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း Provisions on the Unreliable Entity List (the Entity List)၊ Rules on Counteracting Unjustified Extra-Territorial Application of Foreign Legislation and other Measures (the Blocking Rules) တို့ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ယင်းကဏ္ဍ ၂ ရပ်သည် anti-sanction measure (ပိတ်ဆို့ဆောင်ရွက်မှုတိုက်ဖျက်ရေး)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုဘောင်ဖြစ်လာခဲ့ပါသည်။ The Entity List သည် ပိတ်ဆို့ကန့်သတ်ခြင်းခံရသည့် နိုင်ငံခြားသားပိုင်ပစ္စည်းများကိုဖော်ပြသည့် စာရင်းဖြစ်ပါသည်။ The Blocking Rules သည် စီရင်ပိုင်ခွင့်ကိုကျော်လွန်အသုံးပြုသည့်နိုင်ငံခြားတိုင်းပြည်၏ဥပဒေရေးရာကိစ္စရပ်များနှင့် အခြားသောကန့်သတ်ပိတ်ဆို့မှုများကို စုစည်းဖော်ပြထားပြီး ယင်းဆောင်ရွက်မှုများအပေါ် တားမြစ်သည့်အမိန့် (prohibition order)ကို ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်၍ ဥပဒေမူဘောင်အဖြစ်ချမှတ်ဆောင်ရွက်ခဲ့ရာမှ နိုင်ငံခြားသားတစ်ဦးတစ်ယောက်ခြင်းအတွက်သော်လည်းကောင်း၊ နိုင်ငံခြားအဖွဲ့အစည်းများအတွက်သော်လည်းကောင်း ပိတ်ပင်တားဆီးခြင်းများကို တရုတ်နိုင်ငံအစိုးရကဆောင်ရွက်နိုင်ရန် the Standing Committee of the National People's Congress (SCNPC) က Anti-Foreign Sanction Law(AFSL) ကို ၁၀-၆-၂၀၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေသည် နိုင်ငံခြားတိုင်းပြည်၊ နိုင်ငံခြားအဖွဲ့အစည်းနှင့် နိုင်ငံခြားသားတစ်ဦးတစ်ယောက်ချင်းအပေါ်အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ AFSL အရ အပြည်ပြည်ဆိုင်ရာဥပဒေနှင့်စံနှုန်းများကို ချိုးဖောက်ခြင်း၊ နိုင်ငံခြားတိုင်းပြည်၏ပြည်တွင်းဥပဒေများကို အသုံးပြု၍ တရုတ်နိုင်ငံအပေါ် ဖိနှိပ်ခြင်းတို့တွင် ပါဝင်ခြင်း၊ တရုတ်နိုင်ငံသားများအပေါ် ခွဲခြားကန့်သတ်ခြင်း၊ တရုတ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းစသည့်အချက်များအပေါ်အခြေခံ၍ ခွဲခြားကန့်သတ်ဆောင်ရွက်ခြင်း(Discriminatory restrictive measures)အဖြစ် သတ်မှတ်ခဲ့ပါသည်။ အဆိုပါအချက်များတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်သူများ၏ပစ္စည်းများကို counter-measure list တွင် ထည့်သွင်းခြင်း၊ Discriminatory restrictive measures ပြုလုပ်ရာတွင် အားပေးကူညီသူကို တရုတ်နိုင်ငံတရားရုံးတွင် တရားမကြောင်းအရ တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

ဥပဒေမူဘောင်များဖြစ်သည့် The entity list နှင့် Blocking Rules အရ သတ်မှတ်ခြင်းဆိုရာတွင် တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့်အကျိုးစီးပွားထိခိုက်စေခြင်း၊ တရုတ်နိုင်ငံ၏စီးပွားရေးလုပ်ငန်းများ၊ တရုတ်နိုင်ငံသားများ တရားဝင်ရရှိမည့်အခွင့်ရေးနှင့် အကျိုးစီးပွားကို ထိခိုက်ဆုံးရှုံးစေခြင်း (နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို ပိတ်ပင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို ခွဲခြားခြင်း)စသည့်အခြေအနေအပေါ်သုံးသပ်ပြီးနောက် တန်ပြန်ဆောင်ရွက်မှုပြုလုပ်ရန် သင့် မသင့်ကို နိုင်ငံခြားရေးဝန်ကြီးဌာနဦးဆောင်သည့် working mechanism က ဆုံးဖြတ်ခဲ့ပါသည်။ ယင်းနောက် တန်ပြန်ပိတ်ဆို့ခြင်း(counter-measure)အဖြစ် ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်ခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်း၊ ပစ္စည်းများကိုသိမ်းဆည်းခြင်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခွင့်ကို ပိတ်ပင်ခြင်း၊ ငွေဒဏ်ချမှတ်ခြင်း၊ အခြားသောပိတ်ပင်တားဆီးမှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သိမ်းဆည်းထားသည့်နိုင်ငံခြားသားပိုင်ပစ္စည်းများကို စာရင်းများမှပယ်ဖျက်ခွင့်ပြုရန်အတွက် စာရင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည့်နေ့ရက်အတွင်း လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားချက်အပေါ် ဆောင်ရွက်ပေးရန် သင့် မသင့်ကို အမှန်တကယ်ဖြစ်ပေါ်နေသည့်

အခြေအနေပေါ်မူတည်၍ working mechanism က ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ The Blocking Rules နှင့် AFSL တို့တွင် working mechanism သည် prohibition order ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊ countermeasure list မှ ဖယ်ရှားခြင်းတို့ကို အမှန်တကယ်ဖြစ်ပေါ်နေသည့် အခြေအနေအရဆောင်ရွက်နိုင်ကြောင်းကို ဖော်ပြထားပါသည်။

တရုတ်နိုင်ငံသည် ဥပဒေမူဘောင်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ MOCOM သည် ၁၄-၁-၂၀၂၄ ရက်နေ့ထိတွင် အမေရိကန်နိုင်ငံပိုင်ကုမ္ပဏီ ၇ ခုကို The Entity List တွင် ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို နိုင်ငံတကာမှပိတ်ပင်တားဆီးခြင်းများကို ထိရောက်ဟန့်တားရန်အလို့ငှာ စည်းနှောင်မှုရှိသည့်ဥပဒေမူဘောင်ကိုချမှတ်ခဲ့ပြီးနောက် ဥပဒေပြဋ္ဌာန်းကာ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို အကာအကွယ်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://share.google/mGIHZPGKS3ugulzAu,ASIALLIANS-China-Santions-Legal-Framework-2025-02-06

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် ( ၂၆ )		၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၆ ရက်

## နိုင်ငံခြားသားပြစ်မှုကျူးလွန်သူများကို ပြည်နှင်ဒဏ်ချမှတ်ခြင်းအား လူ့အခွင့်အရေးချိုးဖောက်မှုဟု European Convention on Human Rights(ECHR) က သတ်မှတ်ခြင်းကို ပြောင်းလဲသင့်သည်ဟု ဗြိတိန်နိုင်ငံ၏ တရားရေးဝန်ကြီး Shabana Mahmood က ပြောကြားခြင်း

နိုင်ငံခြားသားပြစ်မှုကျူးလွန်သူများအား ပြည်နှင်ဒဏ်ပေးခြင်းကို လူ့အခွင့်အရေးဥပဒေအရ တားမြစ်ရန်မသင့်တော့ကြောင်း၊ ယင်းသို့တားမြစ်ခြင်းက ပြစ်မှုကျူးလွန်သူများကိုကာကွယ်ပေးသကဲ့သို့ဖြစ်နေကြောင်း၊ United Kingdom(UK)သည် European Convention on Human Rights (ECHR)အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကွန်ဗင်းရှင်းပါသဘောတူညီချက်များကိုလိုက်နာရန် သဘောတူထားသော်လည်း အဆိုပါသဘောတူညီချက်များကို အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့်ခြိမ်းခြောက်မှုများအတွက် ပြုပြင်ပြောင်းလဲသင့်သည်ဟုထင်မြင်ကြောင်း ဗြိတိန်နိုင်ငံတရားရေးဝန်ကြီး Shabana Mahmood က Strasbourg မြို့ရှိ ဥရောပကောင်စီ( the Council of Europe)၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ၎င်း၏မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ပါသည်။

United Kingdom၊ Turkey၊ Ukraine နှင့် EUအဖွဲ့ဝင်နိုင်ငံ ၄၆ နိုင်ငံ စုပေါင်းပါဝင်သည့် the Council of Europeက European Convention on Human Rights(ECHR)ကို အဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံသားများ၏လွတ်လပ်ခွင့် (Freedom)နှင့် အခြေခံကျသည့်လူ့အခွင့်အရေးများ (Human Rights)ကို ကာကွယ်ရန်ရည်ရွယ်ကာ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။ United Kingdomသည် ECHR ၏ မူလလက်မှတ်ရေးထိုးထားသည့်နိုင်ငံများထဲမှတစ်နိုင်ငံဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ECHR ပါလူ့အခွင့်အရေးများကို ပြည်တွင်းဥပဒေအဖြစ် (Human Rights Act) ပြဋ္ဌာန်းခဲ့သောကြောင့် UK ပြည်သူများသည် ECHR အပေါ်အခြေခံသည့်လူ့အခွင့်အရေးများကို ပြည်တွင်းတရားရုံးများတွင် တရားစွဲဆိုတောင်းဆိုနိုင်ကြောင်း၊ တရားရေးဝန်ကြီး Shabana Mahmood က ECHR အဖွဲ့ဝင်နိုင်ငံများသည် ကွန်ဗင်းရှင်းပါသဘောတူညီချက်များကို လတ်တလောနိုင်ငံတကာတွင် ကြုံတွေ့နေရသည့်ဖြစ်ရပ်များ၊ ခြိမ်းခြောက်ခံရမှုများ၊ အသစ်ပေါ်ထွက်လာသည့်လူ့အခွင့်အရေးများနှင့်အညီ ပြင်ဆင်ရန် သဘောတူညီခဲ့ကြရာ

လက်ရှိတွင်လည်း ကွန်ဗန်းရှင်းကို ယခင်ကဲ့သို့ပြင်ဆင်နိုင်ရေးစဉ်းစားရန် လိုအပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ECHR သည် United Kingdom ၏ လူ့အခွင့်အရေးဥပဒေများအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ United Kingdomတွင် နိုင်ငံခြားသား ပြစ်မှုကျူးလွန်သူများသည် ECHR ၏ Article 8 ကို ကိုးကားကာ ပြည်နှင်ဒဏ်ပေးခြင်းကို ရှောင်ရှားနေကြောင်း၊ ECHR၏ Article 8 (အပိုဒ် ၈)မှာ Right to respect for private and family life (လူတစ်ဦး၏ကိုယ်ပိုင်ဘဝနှင့် မိသားစုဘဝကို လေးစားခံပိုင်ခွင့်)နှင့်စပ်လျဉ်း၍ပြဋ္ဌာန်းထားပြီး ECHR ကို အခြေခံကာ ပြဋ္ဌာန်းထားသည့် Human Rights Act နှင့် လူဝင်မှုကြီးကြပ်ရေးဥပဒေကြား ဥပဒေဆိုင်ရာပြဿနာပေါ်ပေါက်လျက် ရှိသဖြင့် ECHRပါ သဘောတူညီချက်များကို ပြည်တွင်းတွင်လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ အားနည်းချက်များကိုပြန်လည်စိစစ်ရန် လိုအပ်ကြောင်း၊ ထို့ပြင် လက်ရှိအကျဉ်းကျခံနေရသည့် အန္တရာယ်ရှိအကျဉ်းသားများကပါ Article 8 ကိုအသုံးပြု၍ ၎င်းတို့ကို သီးခြားအကျဉ်းထောင်အခန်းတွင် ချုပ်နှောင်မည့်အရေးကိုတားဆီးရန် ကြိုးပမ်းလာကြကြောင်း ဥပမာပေး ပြောကြားခဲ့ပါသည်။

UK နိုင်ငံသားအချို့ကလည်း ECHR အဖွဲ့ဝင်နိုင်ငံအဖြစ်မှနုတ်ထွက်ပြီး နိုင်ငံ၏လူဝင်မှု ကြီးကြပ်ရေးစနစ်ကို ပိုမိုခိုင်မာအားကောင်းအောင်ဆောင်ရွက်ရန် ဆန္ဒရှိနေကြကြောင်း၊ ၎င်းက ဆက်လက်၍ လူ့အခွင့်အရေးဆိုသည်မှာ အားနည်းသူများကို အကာအကွယ်ပေးသည့်လက်နက်ဖြစ်ပြီး ထိုအခွင့်အရေးကို အလွဲသုံးစားပြုခြင်းနှင့် တရားခံများက ၎င်းတို့အပေါ်ချမှတ်သည့်ပြစ်ဒဏ်မှ ရှောင်ရှားရန် အသုံးချခြင်းကို လက်မခံသင့်ကြောင်း ပြောကြားခဲ့ပါသည်။

UK ၏ သက်တမ်းအရင့်ဆုံးပါတီဖြစ်သည့် Conservativeပါတီက ECHR ပါ သဘောတူညီချက် များသည် နိုင်ငံ၏ဒီမိုကရေစီစံနှုန်းဆိုင်ရာဆုံးဖြတ်ချက်များကိုပျက်စီးစေသည့် ခဲတစ်လက်လို ဖြစ်လာနေကြောင်း၊ Article 8 ကို လိုက်နာရသည့်အတွက် နိုင်ငံတွင်းပြစ်မှုကျူးလွန်သူ နိုင်ငံခြားသား တရားခံများကို ပြည်နှင်ဒဏ်ပေးခြင်း၊ တရားမဝင် ဝင်ရောက်လာသူများကို နေရပ်ပြန်ပို့ခြင်းစသည့် ကြိုးပမ်းမှုများတွင် အတားအဆီးဖြစ်ပေါ်နေကြောင်း၊ European Union(EU)ရှိ အခြားနိုင်ငံများကလည်း

ECHR ပါ သဘောတူညီချက်အချို့ကို ပြင်ဆင်ပေးရန် တောင်းဆိုလာကြပြီး အထူးသဖြင့် နိုင်ငံခြားသား ပြစ်မှုကျူးလွန်သူများကို လက်ရှိထက် ပိုမိုလွယ်ကူသောနည်းလမ်းများဖြင့် ပြန်ပို့နိုင်ရေးနည်းဥပဒေများ ပြဋ္ဌာန်းရန် တောင်းဆိုလာကြကြောင်း ဖော်ပြထားပါသည်။

ယခုနှစ်မေလအတွင်း အီတလီနိုင်ငံနှင့်ဒိန်းမတ်နိုင်ငံတို့ဦးဆောင်သည့် နိုင်ငံ ၉ နိုင်ငံကပေးပို့သည့် အိတ်ဖွင့်ပေးစာတွင် ECHR သည် လူ့အခွင့်အရေးအရကာကွယ်ပေးရန်မသင့်သူများကို အကာအကွယ်ပေးသကဲ့သို့ဖြစ်စေသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ European Council ၏ ဥက္ကဋ္ဌ Alain Berset ကလည်း Times သတင်းစာတွင် ECHR ကို ပြောင်းလဲလာသော ကမ္ဘာနှင့်ကိုက်ညီစေရေး ချိန်ညှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရားမစွဲမိဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.bbc.com/news/articles/cd978x4pvjxo

## အင်ဒိုနီးရှားနိုင်ငံ၏ တရုတ်နိုင်ငံ၏ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ တင်ပြခြင်း

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ရူပီယာ ၁၇၁၄.၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၅.၂ ဘီလီယံ) ဖြင့်စာရင်းပိတ်ခဲ့ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ ရူပီယာ ၉၀၀.၂ ထရီလီယံ(အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံ)ဖြင့်တစ်နှစ်ထက်တစ်နှစ် ၂၀.၈ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ရူပီယာ ၄၆၅.၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၅.၈ ဘီလီယံ) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ရူပီယာ ၂၃၀.၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၂.၈ ဘီလီယံ) အထိ ရောက်ရှိခဲ့ပြီး စင်ကာပူ၊ ဟောင်ကောင်၊ တရုတ်၊ မလေးရှားနှင့် ဂျပန်နိုင်ငံတို့သည် ထိပ်တန်းရင်းနှီးမြှုပ်နှံသည့်နိုင်ငံများ ဖြစ်လာပါသည်။

ဖော်ပြပါနိုင်ငံများမှရင်းနှီးမြှုပ်နှံမှုများသည် အင်ဒိုနီးရှားနိုင်ငံ၏ဖွံ့ဖြိုးမှုကဏ္ဍများဖြစ်သည့် သတ္တုလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ စက်မှုဥယျာဉ်များ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်သယ်ယူပို့ဆောင်ရေးတို့ဖြစ်ပြီး အချိန်တိုအတွင်း ခိုင်မာမှုရရှိသောလုပ်ငန်းနေရာများလည်းဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာသန့်စင်ပြီး နီကယ်ရောင်းဝယ်မှုကို ၆၅ ရာခိုင်နှုန်းလွှမ်းမိုးထားပြီး တရုတ်ကုမ္ပဏီများသည် ပြည်တွင်းသန့်စင်မှုစွမ်းရည်၏ လေးပုံသုံးပုံခန့်ကို ထိန်းချုပ်လျက်ရှိပါသည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက်အခွင့်အလမ်းသည် အမေရိကန်နှင့်ဥရောပဈေးကွက်များသို့ဝင်ရောက်ခွင့်ကို ဆုံးဖြတ်ပေးသည့်လိုအပ်ချက်များအားလိုက်နာ၍ နီကယ်သန့်စင်ခြင်းတွင်ဦးဆောင်မှုကို ထိန်းထားနိုင်ရန်အတွက်ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်စီးပွားရေးနှင့်ဒေတာအခြေခံအဆောက်အအုံနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀ မှ ၃၆၀ ဘီလီယံအထိမြင့်တက်လာနိုင်ပါသည်။ ဒစ်ဂျစ်တယ်ငွေပေးချေမှုများသည် အရှိန်အဟုန်ဖြင့်တိုးတက်လျက်ရှိပြီး Q1 ၂၀၂၅ ခုနှစ် တစ်ခုတည်းတွင် QRIS လွှဲပြောင်းမှုများအား ရူပီယာ ၂၆၂ ထရီလီယံဖြင့် မှတ်တမ်းတင်ထားပါသည်။

တရုတ်ကုမ္ပဏီများသည် AI- အသင့်ရှိသောနယ်ပယ်များကိုတိုးတက်စေခြင်း၊ edge computing တွင် ရင်းနှီးမြှုပ်နှံခြင်း၊ အရှေ့တောင်အာရှ၏တွက်ချက်မှုဆိုင်ရာကျောရိုးကိုလွှမ်းမိုးရန် EPC၊ ငွေကြေးနှင့် cloud ဝန်ဆောင်မှုများကိုပေါင်းစည်းခြင်းဖြင့် ဖော်ပြပါတိုးတက်မှုများကို ဆုပ်ကိုင်ထားနိုင်ပါသည်။

ကျန်းမာရေးနှင့်အသက်မွေးဝမ်းကြောင်းပညာရပ်များနှင့်စပ်လျဥ်း၍ အင်ဒိုနီးရှားနိုင်ငံ၏ BPJS အစီအစဉ်တွင် လူဦးရေ ၂၇၈.၁ သန်းနီးပါးပါဝင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ်သည် GDP ၏ ၃.၇ ရာခိုင်နှုန်းသာရှိပါသည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများသည် အထူးစီးပွားရေးဇုန်များအတွင်း အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဆေးရုံများ၊ ရောဂါရှာဖွေရေးနှင့်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိကြပါသည်။ လက်တွေ့စမ်းသပ်စစ်ဆေးသည့်ဂေဟစနစ်များတိုးတက်မှုနှင့်စပ်လျဥ်း၍ ဇီဝနည်းပညာပူးပေါင်းဆောင်ရွက်မှုများကို ဒေသတွင်းစမ်းသပ်မှုအဖြစ် အင်ဒိုနီးရှားကို အသုံးပြုရန် ခွင့်ပြုပေးထားပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဓာတ်အားထုတ်လွှတ်မှုနှင့်စပ်လျဥ်း၍ အင်ဒိုနီးရှားနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် 42.6 GW နှင့် RUPTL တွင် သိုလှောင်မှု 10.3 GW ဖြင့် ဒေသတွင်းအကြီးဆုံးအစိမ်းရောင်စွမ်းအင်နယ်နိမိတ်ဖြစ်လာပါသည်။ တရုတ်ကုမ္ပဏီများအတွက် အခွင့်အလမ်းများတွင် နေရောင်ခြည်စွမ်းအင် ပေါင်းစပ်သိုလှောင်မှု၊ ဘူမိအပူတူးဖော်ခြင်းနှင့် PLN နှင့် ထုတ်လွှင့်ခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများပါဝင်သည်။

ဂျကာတာ-ဘန်ဒေါင်း အမြန်ရထားလမ်းသည် အမေရိကန်ဒေါ်လာ ၇.၃ ဘီလီယံ ကုန်ကျခဲ့ပြီး ယခုအခါ Surabaya သို့ တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိပါသည်။ တရုတ်ကုမ္ပဏီများသည် ၂၀၂၅ ခုနှစ် မေလ၌ Nusantara တွင် ရင်းနှီးမြှုပ်နှံမှု ရူပီယာ ၇၀ ထရီလီယံနီးပါးဖြင့် တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ တရုတ်ကုမ္ပဏီများသည် စမတ်အသုံးအဆောင်များ၊ စိမ်းလန်းသောဆောက်လုပ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးအချက်အချာနေရာများနှင့် ဒစ်ဂျစ်တယ်ကွပ်ကဲမှုစင်တာများတွင် ဦးဆောင်နိုင်ပြီး Nusantara ကို အရှေ့တောင်အာရှ၏ပထမဆုံးတည်ဆောက်ထားသော စမတ်မြို့အဖြစ် ပုံဖော်လျက်ရှိပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် ၎င်း၏ပုံရိပ်ကိုသတ်မှတ်ပေးမည့်ရေနံထွက် ပစ္စည်းပြန်လည်သန့်စင်သည့်လုပ်ငန်း၊ အခြေခံအဆောက်အအုံနှင့် ဒစ်ဂျစ်တယ်စနစ်များသတ်မှတ် ပေးမည့်ကဏ္ဍများတွင် အဆင့်တစ်ခုသို့ ရောက်ရှိနေပြီးဖြစ်ပါသည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက် အကြီးစားစက်မှုလုပ်ငန်းများ၊ စက်မှုဥယျာဉ်များ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံများတည်ဆောက်ခြင်းလုပ်ငန်းများတွင် အခွင့်အလမ်းအများဆုံးရရှိထားပြီး ကျန်းမာရေး စောင့်ရှောက်မှုနှင့်မြို့ပြဝန်ဆောင်မှုများကို တဖြည်းဖြည်း တိုးချဲ့လျက်ရှိပါသည်။ အဆိုပါကဏ္ဍ အသီးသီးကို လိုင်စင်ပြုပြင်ပြောင်းလဲမှုများ၊ ဘဏ္ဍာရေးဆိုင်ရာမက်လုံးများနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပံ့ပိုးလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏အပြုသဘောဆောင်သောရင်းနှီးမြှုပ်နှံမှုစာရင်းသည် ပိုင်ဆိုင်မှုစည်းမျဉ်း များကိုပြန်လည်ပြင်ဆင်ထားပြီး ဆုံးရှုံးနိုင်ခြေအခြေပြုသည့်လိုင်စင်စနစ်သည်လည်း စီမံကိန်းအချိန် ဇယားများအတိုင်း ပြောင်းလဲလျက်ရှိပါသည်။ အဆိုပါပြောင်းလဲမှုများသည် စည်းမျဉ်းစည်းကမ်းများ သိရှိနားလည်မှုနှင့် ဂရုတစိုက်ဖွဲ့စည်းတည်ဆောက်မှုများအတွက် အရင်းအနှီး သို့မဟုတ် နည်းပညာ ကဲ့သို့ ရလဒ်များကို လွှမ်းမိုးနိုင်သည်ကို ဆိုလိုပါသည်။

၂၀၃၀ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းအများအပြားကို ပေါင်းစည်းမည်ဖြစ်ပြီး အဆိုပါ တိုးတက်ပြောင်းလဲလာသောမူဘောင်များတွင် အစောပိုင်းပါဝင်ရင်းနှီးမြှုပ်သည့်ရင်းနှီးမြှုပ်နှံသူများသည် ၎င်း၏ရေရှည်စီမံကိန်းများနှင့်လုပ်ငန်းလုပ်ပိုင်ခွင့်များတွင် တည်မြဲသည့်ဈေးကွက်အတွင်းတည်ငြိမ်သော အနေအထားဖြင့် ပိုမိုကောင်းမွန်စွာ ရောက်ရှိနေမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံအများစု၏အခြေခံအဆောက်အဦကဏ္ဍ၊ စွမ်းအင် ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် EV ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.aseanbriefing.com/news/the-future-of-chinese-investment-in-indonesia/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၆ )　　　　၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၆ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

